
စိတ်ကူးချိုချိုအနုပညာ

# SAMUEL MORSE




ဆက်သွယ်ရေးကိုပြောင်းလဲစေခဲ့သော
ပန်းချီဆရာ၊ တီထွင်ရေးသမား

# ဆမ်မြူရယ်မော့စ်

ဇင်မျိုး
မြန်မာပြန်

mgyoe.com




mgyoe.com
zm0010
800.00 KS

mgyoe.com

ဆက်သွယ်ရေးကိုပြောင်းလဲစေခဲ့သောပန်းချီဆရာ၊ တီထွင်ရေးသမားဆမ်မြူရယ်မော့စ်၊ ဇင်မျိုး
အပြင်အဆင်- ပြုံးပြုံးသန်း၊ စာမျက်နှာ ၄၉+ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ မေလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀။

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဆက်သွယ်ရေးကိုပြောင်းလဲစေခဲ့သော ပန်းချီဆရာ၊ တီထွင်ရေးသမား ဆမ်မြူရယ်မော့စ်

ဇင်မျိုး



ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


အခန်း ၁

မိတ်ဆက် ၂

– ပန်းချီလောကသား ၃

– ဥရောပခရီး ၁၂

အခန်း ၂

ကြေးနန်း ၁၆

– ထပ်ဆင့်ထုတ်လွှင့်မှုများ ၂၀

– ပြည်ထောင်စုအဆင့် ထောက်ခံမှု ၂၁

– မူပိုင်ခွင့် ၂၄

အခန်း ၃

နိုင်ငံရေးအမြင်များ ၂၈

– အိမ်ထောင်များ ၃၁

– နောက်ပိုင်းနှစ်များ ၃၃

မူပိုင်ခွင့် ကိစ္စတရားစွဲခြင်း

– နိုင်ငံခြားက အသိအမှတ်ပြုခြင်း ၃၄

– ဂုဏ်ပြုဆုများ ၃၆


mgyoe.com

mgyoe.com

အခန်း ၄

ကြီးကျယ်သောတီထွင်မှု ၄၂

– မလွယ်ကူ ၄၃

– အစောပိုင်းတာဝေးဆက်သွယ်မှုများ ၄၆

– နောက်ဆုံးနှစ်များ ၄၈

❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အခန်း ၁
# မိတ်ဆက်

ဆမ်မြူရယ်ဖင်လေးဘရိစ်မော့စ် (၁၇၉၁ ဧပြီ ၁၇ – ၁၈၇၂ ဧပြီ ၂) သည် အမေရိကန်လူမျိုးပန်းချီဆရာ၊ တီထွင်သူဖြစ်သည်။ ဆမ်မြူရယ်အက်ဖ်ဘီမော့စ်ကို အမေရိကန်ပြည်ထောင်စု မက်ဆက်ချူး ဆက်ပြည်နယ်ချားလ်တောင်းမြို့တွင် မွေးသည်။ ဘုန်းတော်ကြီး ဂျက်ဒီ ဒီးယက်မော့စ် (၁၇၆၁ – ၁၈၂၆) နှင့် အယ်လီစဘတ် အန်းဖင်လေး ဘရီးစ်တို့က မွေးသည်။ ဖခင်မှာ ပထဝီဝင်ပညာရှင်ဖြစ်သည်။ မော့စ်၏ ဖခင်သည် ပြင်သစ်ပရိုတက်စတင့် ခရစ်ယာန်ဂျွန်ကယ်ဗင်၏ဝါဒကို အကြီးအကျယ်ဟောပြောပို့ချသူဖြစ်ပြီး အမေရိကန်ဖက်ဒရယ်ပါတီကို ထောက်ခံသူဖြစ်သည်။ ကယ်ဗင်၏ဝါဒက ပျူရီတန်အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်ရန် အကူအညီပေးနိုင်မည်ဟု သူက ယုံကြည် လျက်ရှိပြီး ဗြိတိန်နှင့် မဟာမိတ်ဖြစ်ခြင်း၊ ခိုင်မာသော ဗဟိုအစိုးရစနစ် စသည်တို့ကို ဖက်ဒရစ်ပါတီဝင်တစ်ဦးအနေဖြင့် ထောက်ခံရမည်ဟု ယုံ ကြည်သည်။ သားဦးဖြစ်သူ မော့စ်အတွက် ကယ်ဗင်ဝါဒအကျင့်သီလ များ၊ စာရိတ္တပြုပြင်ရေးအမှု၊ ဆုတောင်းခြင်းများပြုလုပ်ခြင်းနှင့်အတူ ဖက်

mgyoe.com

mgyoe.com


ဒရယ်စနစ် မူဘောင်အတွင်းရှိ ပညာရေးစနစ်ကို ဂျက်ဒီဒီးယက်က ခိုင်မာစွာ ယုံကြည်ထားသည်။

မက်ဆက်ချူးဆက်ပြည်နယ် အန်ဒိုဗာရှိ ဖီးလစ်အကယ်ဒမီကို တက်ရောက်ခဲ့ပြီးနောက် ဆမ်မြူရယ်မော့စ်သည် ယေးလ်ကောလိပ်ကို တက်ရောက်ခဲ့သည်။ ဘာသာရေး ဒဿန၊ သင်္ချာ၊ မြင်းဘာသာရပ်တို့ကို ယေးလ်ကောလိပ်တွင် သင်ယူခဲ့သည်။ ယေးလ်ကောလိပ်တွင်ပင် သူသည် ဘင်ဂျမင်ဆီလီမန်နှင့် ဂျရာမိယာဒေးတို့ထံမှ လျှပ်စစ်ပညာအကြောင်းကို သင်ယူခဲ့သေးသည်။ ဆမ်မြူရယ်မော့စ်သည် Brothers in Unity အဖွဲ့အစည်းတွင် အဖွဲ့ဝင်ဖြစ်သည်။ သူသည် ပန်းချီဆွဲခြင်းဖြင့် ရပ်တည်ခဲ့ရသည်။ ၁၈၁၀ တွင် သူသည် ဖီးဘီတာကက်ပါ ဂုဏ်ထူးဆုများဖြင့် ယေးလ်တက္ကသိုလ်မှ ဘွဲ့ရခဲ့သည်။ ဖီးဘီတာကက်ပါသည် အမေရိကန်တွင် ဂုဏ်သိက္ခာရှိသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အမေရိကန်ကောလိပ်၊ တက္ကသိုလ်များတွင် သိပ္ပံနှင့် ဝိဇ္ဇာဘာသာရပ်များ၌ ထူးချွန်သော ကျောင်းသားများပေါ်ထွက်လာစေရန် ပေးအပ်သော ဆုများဖြစ်သည်။

## ပန်းချီလောကသား

လူ၏ရိုးရှင်းသော မျက်နှာသွင်ပြင်များနှင့် ရိုးရိုးဝတ်စားထားပုံကို ခြယ်မှုန်းထားသော Landing of the Pilgrims ပန်းချီကားတွင် သူ၏ကယ်ဗင်ဝါဒယုံကြည်မှုများကို သရုပ်ဖော်ထားသည်။ အင်္ဂလန်မှ မြောက်အမေရိကသို့ ရောက်ရှိလာခဲ့သည်။ ဘာသာရေး၊ အစိုးရ အတွေးအခေါ်များမှတစ်ဆင့် အင်္ဂလန်နှင့် အမေရိကန်ကို ချိတ်ဆက်မိစေသည့် ကယ်ဗင်ဝါဒီများနှင့် ဖက်ဒရယ်ဝါဒီများ၏ အတွေးအခေါ်များကို သူ၏ ပန်းချီကားက အမိအရ ပုံဖော်ခဲ့သည်။ ဤပန်းချီကားသည် နာမည်ကျော်

mgyoe.com

mgyoe.com



ပန်းချီဆရာ ဝါရှင်တန်အယ်စတန်၏ စိတ်ဝင်စားမှုကို ရရှိခဲ့သည်။ အယ်စတန်သည် မော့စ်အား ဘင်ဂျမင်ဝက်စ်နှင့် တွေ့ရန် သူရှိရာ အင်္ဂလန်သို့ လာစေချင်၏။ ပန်းချီပညာကို အင်္ဂလန်တွင် ၃ နှစ်ကြာနေစဉ် ဆည်းပူးရန် အယ်စတန်က စီစဉ်ပေးခဲ့သည်။ မော့စ်နှင့်အတူ မော့စ်၏ဖခင်သည် အင်္ဂလန်ကို လိုက်ပါရန် အယ်စတန်က စီစဉ်ပေးခဲ့သည်။ ထို့ကြောင့် မော့စ်တို့ သားအဖသည် ၁၈၁၁ ခုနှစ် ဇူလိုင် ၁၁ ရက်နေ့တွင် Lybia သင်္ဘောဖြင့် အင်္ဂလန်ကို ထွက်လာခဲ့ကြသည်။

အင်္ဂလန်တွင် မော့စ်သည် အယ်စတန်၏ ဂရုတစိုက်သင်ကြားပေးမှုကြောင့် ပန်းချီရေးဆွဲနည်းကို အကောင်းဆုံးဖြစ်အောင် လုပ်နိုင်ခဲ့သည် ၁၈၁၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် မော့စ်သည် တော်ဝင်အကယ်ဒမီသို့ ဝင်ခွင့်ရခဲ့သည်။ အကယ်ဒမီတွင် သူသည် ရီနေးဆန်းပန်းချီပညာကြောင့် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရ၏။ မိုက်ကယ်အိန်ဂျလိုနှင့် ရာဖေးလ်တို့၏ လက်ရာများကို စေ့စေ့စပ်စပ်လေ့လာခဲ့သည်။ သက်ရှိရေးဆွဲနည်းနှင့် ၎င်း၏ခန္ဓာဗေဒဆိုင်ရာ လိုအပ်ချက်များကို လေ့လာလေ့ကျင့်ခဲ့ပြီးနောက် လူငယ်ပန်းချီဆရာ ဆမ်မြူရယ်မော့စ်သည် သူ၏ အကောင်းဆုံးလက်ရာ "The Dying Hercules" ကို ရေးခဲ့သည်။ (ပန်းချီရေးရန် လေ့လာမှုတစ်ရပ်အဖြစ် သူသည် ဦးစွာ ပန်းပုကို ထုဆစ်ခဲ့သည်။)

The Dying Hercules သည် ဗြိတိသျှနှင့် အမေရိကန်ဖက်ဒရယ်ဝါဒီများကို နိုင်ငံရေးကြေညာချက်အား ကိုယ်စားပြုနေပုံရသည်ဟု တချို့က ဆိုကြသည်။ ကြွက်သားများမှာ လူငယ်၏အင်အားကိုလည်းကောင်း၊ အားမာန်ပြည့်ဝသော အမေရိကန်နှင့်ဗြိတိသျှ၊ ဗြိတိသျှ–အမေရိကန်ထောက်ခံသူများကိုလည်းကောင်း သရုပ်ဖော်ထားခြင်း ဖြစ်သည်။ ဗြိတိန်တွင် မော့စ်နေထိုင်နေစဉ် အမေရိကန်နှင့် ဗြိတိသျှသည် ၁၈၁၂

mgyoe.com

mgyoe.com

မော့စ်ရေးဆွဲခဲ့သည့် ပန်းချီလက်ရာ

စစ်ပွဲကို ဆင်နွှဲနေကြ၏။ အမေရိကန်နှင့် ဗြိတိန် လူ့အဖွဲ့အစည်း ပတ်သက်၍ ဝိရောဓိဖြစ်လျက်ရှိသည်။ ဖက်ဒရယ်ဆန့်ကျင်သော အမေရိကန်များက ဗြိတိသျှကို ရွံ့မုန်းကာ သူတို့ကိုယ်သူတို့ ပြင်သစ်နှင့် မဟာမိတ်ဟုခံယူထားကြပြီး၊ ခိုင်မာသော ဗဟိုအစိုးရမှာ ဒီမိုကရေစီအတွက် အန္တရာယ်ဟု ယုံကြည်နေကြသည်။

စစ်မက်ဖြစ်ပွားနေခိုက် မိဘများထံ မော့စ်ပေးပို့သော ပေးစာများမှာ ဖက်ဒရယ်ဆန့်ကျင်သော စာများဖြစ်လာကြသည်။ စာတစ်စောင်တွင် မော့စ်က "မြောက်ပိုင်းပြည်နယ်တွေက ဖက်ဒရယ်လစ်သမားတွေဟာ မဟာမိတ်ပြင်သစ်ဆိုတာထက်ကို ကြမ်းတမ်းတဲ့ အတိုက်အခံလုပ်တာတွေကြောင့် သူတို့ရဲ့ တိုင်းပြည်ကို ဒဏ်ရာပိုရအောင် လုပ်နေကြ

mgyoe.com

mgyoe.com


တာ ဖြစ်တယ်လို့ ကျွန်တော် အခိုင်အမာဆိုပါတယ်။ သူတို့ရဲ့ လုပ်ဆောင်ချက်တွေကို အင်္ဂလိပ်သတင်းစာတွေက ကူးယူကြတယ်။ လွှတ်တော်ထဲ မရောက်ခင် ဖတ်ကြရတယ်။ နိုင်ငံအနှံ့ဖြန့်ဝေကြတယ်။ သူတို့အကြောင်းကို သူတို့ပြောကြတာကတော့ သူတို့ကို သူရဲဘောကြောင်တဲ့ ဖက်ဒရယ်လစ်သမားတွေလို့ ခေါ်တာပဲဖြစ်ပါတယ်။ သူတို့ဟာ နိုင်ငံရဲ့ သစ္စာဖောက်တွေ ဖြစ်ကြတယ်။ သစ္စာဖောက်တွေလို ကြိုးပေးသင့်တဲ့" ဟု ရေးထားသည်။

ဂျက်ဒီဒီးယက်မော့စ်သည် ဆမ်မြူရယ်မော့စ်၏နိုင်ငံရေးအမြင်များကို ပြောင်းလဲပစ်ခြင်းမရှိသော်လည်း သူသည် ဆမ်မြူရယ်မော့စ်ကို လွှမ်းမိုးသူအဖြစ် ဆက်လက်ရှိနေခဲ့သည်။ ဖခင်မော့စ်၏ ကယ်ဗင်အတွေးအခေါ်များမှာ မော့စ်၏ နောက်ထပ်ထူးခြားသော လက်ရာ Judgement of Jupiter တွင် အဓိက ကျခဲ့သည်။ ထိုပန်းချီကားကို မော့စ်သည် အင်္ဂလန်တွင် အပြီးရေးဆွဲခဲ့ခြင်းဖြစ်သည်။ သူ၏လင်းယုန်ငှက်နှင့်တွဲ၍ ဂျူပီတာကို တိမ်ထဲတွင် ဖော်ပြထားပြီး၊ သူ၏လက်များက လူတို့၏အပေါ်ကို ဖြန့်ထားသည်။ သူသည် စီရင်ဆုံးဖြတ်မှုကို ကြေညာနေသည်။ စိတ်မလုံမလဲဖြစ်ခြင်း၊ ရှက်ရွံ့ခြင်းတို့ ပေါ်လွင်နေသော မာပက်ဆာမှာ သူမ၏ခင်ပွန်းလက်ထဲတွင် ရှိနေသည်။ မာပက်ဆာကို နူးညံ့စွာ ချစ်မြတ်နိုးသော အိုင်ဒက်စ်မှာ သူမကို ထက်သန်စွာ လက်ခံကြိုဆိုရန် ရှေ့သို့ တိုးတက်နေပြီး၊ အပိုလိုမှာ အံ့အားသင့်လျက် စူးစိုက်ကြည့်နေသည်။

ဂျူပီတာမှာ ဘုရားသခင်၏အနန္တတန်ခိုးကို ကိုယ်စားပြုနေပြီး၊ သူ ဖန်တီးထားသော အရာမှန်သမျှကို သူက ကြည့်နေခြင်းဖြစ်သည်ဟု တချို့က ဆိုကြသည်။ ဤပန်းချီကားမှာ သစ္စာမဲ့ခြင်း၊ ဖောက်ပြန်ခြင်းကို မော့စ်က ပြုပြင်ရန် သရုပ်ဖော်ထားခြင်းဖြစ်သည်ဟု တချို့သုံးသပ်ကြပြန်သည်။ မာပက်ဆာမှာ သားကောင်ဖြစ်ခဲ့သည့်တိုင် သူမ၏ထာဝရ

mgyoe.com

mgyoe.com


ကယ်တင်ခြင်းမှာ အရေးပါသည်ဟု သူမက ယုံကြည်ထားသည်။ စဉ်းလဲသော နည်းလမ်းများကို ရှောင်ရှားမည်ဟု ပိုင်းဖြတ်ထားသည်။ အပိုလိုမှာ မိမိလုပ်ခဲ့သည့်အရာကို နောင်တရနေမည့်ပုံ မရှိပေ။ သို့ရာတွင် သူသည် တွေဝေသော အကြည့်ဖြင့် ရပ်နေသည်။ ၁၉ ရာစု အစောပိုင်းက ရေးဆွဲခဲ့သော အမေရိကန်ပန်းချီကားအများစုမှာ ဘာသာရေးအကြောင်းအရာများဖြစ်ကာ မော့စ်မှာ အစောဆုံးဦးဆောင်ရေးဆွဲသူဖြစ်သည်။ Judgement of Jupiter ပန်းချီကားသည် မော့စ်အား ဖက်ဒရယ်



မော့စ်ရေးဆွဲသည့် နာမည်ကျော် ပန်းချီကား Judgement of Jupiter

mgyoe.com

mgyoe.com


ဝါဒဆန့်ကျင်မှုကို ဖော်ပြနေခြင်းဖြစ်ပြီး သူ၏ဘာသာရေးအစွဲများကို ဆက်လက်ထိန်းထားသည့် အနေအထားကို ဖော်ပြထားခြင်းဖြစ်သည်။ ဘင်ဂျမင်ဝက်သည် တော်ဝင်အကယ်ဒမီပြပွဲတွင် "Jupiter" ပန်းချီကားကို ပြသရန် ဖြစ်သော်လည်း ထိုအချိန်တွင် မော့စ်သည် အင်္ဂလန်တွင် မရှိတော့ပေ။ မော့စ်သည် အမေရိကန်ကို ပြန်ရန် ၁၈၁၅ ခုနှစ်၊ ဩဂုတ် ၂ ရက်နေ့တွင် အင်္ဂလန်က ထွက်လာခဲ့ကာ ပန်းချီဆရာအဖြစ် အချိန်ပြည့်အသက်မွေးအလုပ်ကို စတင်တော့မည်ဖြစ်သည်။

၁၈၁၅ – ၁၈၂၅ ဆယ်ခုနှစ်သည် မော့စ်၏ လက်ရာတို့ ထူးထူးခြားခြား တိုးတက်လာမှုကို အမှတ်အသားပြုနေသည်။ ထိုကာလတွင် သူသည် အမေရိကား၏ ယဉ်ကျေးမှုနှင့် ဘဝ၏အနှစ်သာရကို ဖမ်းဆုပ်ရန် ကြိုးစားခဲ့သည်။ ၁၈၁၆ တွင် ဖက်ဒရယ်ဝါဒီသမ္မတဟောင်း ဂျွန်အဒမ်ပုံကို ရေးဆွဲခဲ့သည်။ ဖက်ဒရယ်ဝါဒီများနှင့် ဖက်ဒရယ်ဆန့်ကျင်ရေးသမားများသည် ဒါ့တ်မောက်ကောလိပ်တွင် ပြဿနာတက်ခဲ့ကြသည်။ မော့စ်သည် ကောလိပ်ဥက္ကဋ္ဌဖရန့်ဆစ်ဘရောင်း၏ပုံတူကို ရေးဆွဲခဲ့သည်။ ဒါ့တ်မောက်ပြဿနာကို အမေရိကန်ဗဟိုတရားရုံးသို့ မတင်ခင် ထိုအမှုကို ရုံးတင်ရာတွင် ပါဝင်ခဲ့သော တရားသူကြီးဝုဒ်ဝါ့၏ပုံတူကိုလည်း ရေးဆွဲခဲ့သည်။

မော့စ်သည် တောင်ကာရိုလိုင်းနားပြည်နယ် ချာလတန်မြို့၏ ကြေးရတတ်များကြားတွင် ပန်းချီရေးဆွဲခြင်းဖြင့် ငွေရှာခဲ့သည်။ မော့စ်၏ ၁၈၁၈ ပန်းချီကားဖြစ်သည့် Mrs. Emma Quash သည် ချာလတန်မြို့၏ ကြွယ်ဝမှုကို သင်္ကေတပြုနေသည်။ လူငယ်ပန်းချီဆရာသည် ဝင်ငွေကောင်းခဲ့သည်။ ၁၈၁၉ နှင့် ၁၈၂၁ ကြားတွင် မော့စ်သည် ဘဝတွင် ကြီးမားသော အပြောင်းအလဲများနှင့် ကြုံတွေ့ရသည်။ "၁၈၁၉ ထိတ်လန့်မှု" ဟူသည့် စီးပွားရေးကျဆင်းမှုကြောင့် မော့စ်၏ ပန်းချီရေးဆွဲခ

mgyoe.com

mgyoe.com


များ ကျဆင်းလာခဲ့သည်။ ကယ်ဗင်ဘာသာဝင်များကြားတွင် ဖြစ်ပွားနေသော စိတ်ဝမ်းကွဲပြားမှု ရပ်သွားအောင် မလုပ်နိုင်ခြင်းကြောင့် မော့စ်၏ဖခင်မှာ တရားဟောဆရာအဖြစ် ဆယ်စုနှစ်သုံးခုကြာခဲ့သော ခရစ်ယာန်ဘုန်းတော်ကြီးရာထူးမှ နုတ်ထွက်ခဲ့ရသည်။ ဖွဲ့လိုက်သော ဂိုဏ်းခွဲသစ်မှာ အသင်းဝင်ကိစ္စကို မိမိတို့ဘာသာစီမံရသော သုံးပါးတစ်ဆူဂိုဏ်းဖြစ်၍ ၎င်းတို့၏ယုံကြည်ချက်များမှာ ဘာသာရေးကယ်တင်မှုနှင့် သက်ဆိုင်နေသောကြောင့် မော့စ်က သူတို့ကို ဖက်ဒရယ်ဆန့်ကျင်ရေးဝါဒီများဟု စဉ်းစားခဲ့၏။

ဆမ်မြူရယ်မော့စ်သည် ဖခင်၏နိုင်ငံရေးအမြင်များကို လေးစားသည် ဆိုသော်လည်း သူသည် သုံးပါးတစ်ဆူဂိုဏ်းဝင်များကိုကား စာနာမိ၏။ သုံးပါးတစ်ဆူအယူဝါဒကို ကူးပြောင်းသွားသူများထဲတွင် မော့စ်ရေးဆွဲခဲ့သော Pickerings of Portsmouth နှင့် New Hampshire တို့ကဲ့သို့သော ထင်ရှားသည့် လက်ရာများထဲက ဒေသများမှ လူများပါဝင်သည်။ သူ၏ ကိုယ်ချင်းစာနာမှုများမှာ သူ၏ကိုယ်ပိုင် ဖက်ဒရယ်ဝါဒဆန့်ကျင်ရေးကို ကိုယ်စားပြုနေသည်ဟု တချို့က ထင်ကြသည်။ မော့စ်သည် ၁၈၂၀ တွင် သမ္မတ ဂျိမ်းမွန်ရိုး၏ပုံကို ရေးဆွဲခဲ့ရသည်။ သူသည် သက်ဦးဆံပိုင်သမားဆိုသည်ထက် သာမန်လူကို အရေးပေးသော ဂျက်ဖာဆင်ဒီမိုကရေစီနည်းကို ပုံဖော်ခဲ့သည်။

မော့စ်သည် နယူးဟေးဗန်းကို ပြောင်းခဲ့၏။ ၁၈၂၁ တွင် ရေးသော Hall of Congress နှင့် ၁၈၂၃ တွင် ရေးခဲ့သည့် Marquis de Lafayette ပန်းချီကားတို့သည် သူ၏ ဒီမိုကရေစီဆန်သော အမျိုးသားရေးဝါဒကို ဖော်ပြနေကြသည်။ The Hall of Congress ပန်းချီကားမှာ ဖရန်ဆွာမားရီးယက်ဂရာနက်၏ The Capuchin Chapel in Rome ပန်းချီကား၏ အောင်မြင်မှုကို အမြတ်ထုတ်ရန် ရေးဆွဲခဲ့သောလက်ရာ

mgyoe.com

mgyoe.com


ဖြစ်သည်။ The Capuchin Chapel in Rome ပန်းချီကားသည် ၁၈၂၀ ပြည့်နှစ်ကာလများတွင် အမေရိကန်ပြည်ထောင်စုကို ခရီးသွားများ လာရောက်လည်ပတ်အောင် ဆွဲဆောင်နိုင်ခဲ့ပြီး ပန်းချီကားကို ကြည့်ရှုခွင့် ဝင်ကြေး ၂၅ ဆင့်ဖြင့် စီးပွားဖြစ်ခဲ့လေ၏။

ပန်းချီဆရာမော့စ်သည် အလားတူပုံစံဖြင့် အမေရိကန်လွှတ်တော်ကို ရေးရန် ရွေးချယ်ခဲ့၏။ လွှတ်တော်၏ ဗိသုကာဟန်၊ လှသော အလင်းရောင်တို့ကို ဂရုတစိုက်ရေးဆွဲလိုသည်။ သက်တမ်းနုနယ်သေးသော နိုင်ငံကို ဂုဏ်ရောင်ထွန်းပြောင်စေမည့် ထူးထူးခြားခြား အမေရိကန်ခေါင်းစဉ်တစ်ခုကို ရွေးချင်သည်။ သူဆိုလိုချင်သည့် အကြောင်းအရာမှာ သက်ဝင်လှုပ်ရှားနေသော အမေရိကန် ဒီမိုကရေစီကို ပြသလိုခြင်းပင် ဖြစ်ပါသည်။ လွှတ်တော်သစ်၏ ဗိသုကာပုံစံကို ရေးဆွဲရန် သူသည် ဝါရှင်တန်ကို ထွက်လာခဲ့သည်။ ပန်းချီကားထဲတွင် လူပေါင်းရှစ်ဆယ်ကိုလည်း ထည့်ဆွဲမည်ဖြစ်သည်။ လွှတ်တော်၏ ဗိသုကာလက်ရာဟန်ချက်ညီစေရန်၊ လက်ရာကို ထင်ထင်ရှားရှားဖြစ်စေမည့် လမ်းမီးရောင်များကိုပါ သုံးရန် ညဘက်မြင်ကွင်းကို ရေးမည်ဖြစ်သည်။ မတ်တတ်ရပ်နေသော လူများကို အတွဲလိုက်ထားမည်ဖြစ်ကာ သူတို့က စားပွဲကိုမှီ၍ အလုပ်လုပ်နေပုံခြယ်မှုန်းမည် ဖြစ်သော်လည်း မျက်နှာပုံစံများကိုကား အသားပေးရေးမည်ဖြစ်သည်။ ဒီမိုကရေစီမှုများကို ဦးစားပေးမည့် ကွန်ဂရက်၏ ရည်ရွယ်ချက်ကို ပေါ်လွင်စေရန် မော့စ်သည် ညအချိန်မှ နေ့ဘက်ကို ကူးပြောင်းပုံအား ရေးဆွဲမည်ဖြစ်သည်။

၁၈၂၁ တွင် The Hall of Congress ကို နယူးယောက်မြို့၌ ခင်းကျင်းပြသသောအခါ ပရိသတ်စိတ်ဝင်စားမှု မရခဲ့ပေ။ ထိုအစား ပန်းချီဆရာ ဂျွန်ထရမ်ဘူး၏ "လွတ်လပ်ရေးကြေညာစာတမ်း" ပန်းချီကားသည် လူကြိုက်များခဲ့၏။ The Hall of Congress ပန်းချီကားတွင်

mgyoe.com

mgyoe.com


လွှတ်တော်အဆောက်အအုံက လူများအပေါ် အရိပ်ထိုးကျနေခြင်းမှာ လက်ရှိဖြစ်ပျက်နေသော အကြောင်းအရာကို ကျေနပ်မှုမပေးနိုင်ဟု ကြည့်ရှုသူများက အထင်ရောက်ခဲ့ပုံပေါ်သည်။



၁၈၂၃ တွင် ရေးဆွဲခဲ့သည့် လားဖေးယက် ပန်းချီကား

mgyoe.com

mgyoe.com


အမေရိကန်တော်လှန်ရေးကို ထိပ်ဆုံးက အားပေးထောက်ခံသူ ပြင်သစ်လူမျိုးလာဖေးယက်ပုံကိုလည်း မော့စ်သည် ဂုဏ်ယူစွာ ရေးဆွဲခဲ့သည်။ လွတ်လပ်သော အမှီအခိုကင်းသော အမေရိကန်နိုင်ငံကို ထူထောင်ရာတွင် ကူညီခဲ့သော ပုဂ္ဂိုလ်၏ပုံကို သူသည် ဂုဏ်ယူစွာရေးဆွဲပေးခဲ့ခြင်းဖြစ်သည်။ နေဝင်နေသော နောက်ခံကားပေါ်တွင် လာဖေးယက်ပုံကို ရေးခဲ့ခြင်းဖြစ်သည်။ ဘင်ဂျမင်ဖရန်ကလင်၊ ဂျော့ဝါရှင်တန်တို့နှင့် တွဲ၍ လာဖေးယက်ကို ညာဘက်တွင် ထား၍ ရေးဆွဲထားသည်။ လာဖေးယက်၏အောက်တွင် ငြိမ်းချမ်းသောသစ်တောမြေပုံကို ရေးဆွဲထားခြင်းမှာ သက်တမ်းအနှစ်ငါးဆယ်သို့ ချဉ်းကပ်လာသော အမေရိကန်နိုင်ငံ၏ အေးချမ်းတည်ငြိမ်မှုကို ဖော်ကျူးထားခြင်းဖြစ်သည်။ မော့စ်နှင့် လာဖေးယက်တို့ ဆက်ဆံရေးခိုင်မာလာမှု၊ သူတို့၏တော်လှန်ရေးစစ်ပွဲအကြောင်း ဆွေးနွေးမှုများသည်ကား နယူးယောက်မှ ပြန်ရောက်လာသော ပန်းချီဆရာမော့စ်ကို ထိခတ်စေခဲ့သည်။

၁၈၂၆ ခုနှစ်တွင် နယူးယောက်မြို့၌ အမျိုးသားဒီဇိုင်းအကယ်ဒမီကို သူသည် ကူညီထူထောင်ပေးခဲ့သည်။ သူသည် ထိုအဖွဲ့၏ဥက္ကဋ္ဌအဖြစ် နှစ်ကြိမ်ထမ်းဆောင်ခဲ့သည်။ ပထမအကြိမ်ကို ၁၈၂၆ မှ ၁၈၄၅ အထိ ဆောင်ရွက်ခဲ့ပြီး ဒုတိယအကြိမ်ကို ၁၈၆၁ မှ ၁၈၆၂ အထိ ထမ်းဆောင်ခဲ့သည်။


## ဥရောပခရီး

ပန်းချီပညာပိုမိုတိုးတက်လာစေရန် မော့စ်သည် ၁၈၃၀ မှ ၁၈၃၂ အထိ ဥရောပကို ခရီးထွက်ခဲ့သည်။ ဥရောပနိုင်ငံများဖြစ်သော အီတလီ၊ ဆွစ်ဇာလန်၊ ပြင်သစ်တို့ကို ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ ပြင်သစ်တွင် သူသည် စာရေးဆရာ ဂျိမ်းဖန်နီမိုးကူးပါးနှင့် မိတ်ဆွေဖြစ်ခဲ့သည်။ အစိ

mgyoe.com



**The Gallery of the Louvre ပန်းချီကား**



ပါရီရှိ Louvre ပြတိုက် (၁၈၀၀ ပြည့်နှစ်)

mgyoe.com


mgyoe.com

အစဉ်တကျလုပ်ရန် မော့စ်သည် Louvre ၏ နာမည်ကျော်ပန်းချီကား ၃၈ ခုကို (၆ ပေ × ၉ ပေ) ကန်းဗက်စပေါ်တွင် အသေးစားပုံတူများ ရေးဆွဲပေးခဲ့ရသည်။ ၎င်းကို The Gallery of the Louvre ဟု ခေါင်းစဉ် ပေးခဲ့သည်။ အမေရိကန်ကို ပြန်ခါနီးမှ ရေးဆွဲပြီးစီးခဲ့သည်။

၁၈၃၉ တွင် ပါရီသို့ ဆက်လက်သွားရောက်ခဲ့သော အလည် အပတ်ခရီးတွင် မော့စ်သည် လူးဝစ်ဒါဂူရီနှင့် တွေ့ခဲ့သည်။ သူသည် ဒါဂူရီ၏ ပထမဦးဆုံးလက်တွေ့ဓာတ်ပုံပညာကို စိတ်ဝင်စားခဲ့သည်။ ၎င်းဓာတ်ပုံပညာကို "ဒါဂူရီယိုတိုက်" ဟု ခေါ်သည်။ မော့စ်သည် ဒါဂူရီ ၏ တီထွင်မှုကို ဖော်ပြထားသော ဆောင်းပါးအား New York Observer သို့ ပေးပို့ခဲ့သည်။ အဆိုပါနည်းပညာသစ်အကြောင်းကို အမေ ရိကန်သတင်းစာလောကတွင် ကျယ်ပြန့်စွာ ဖော်ပြခဲ့ကြရာ နည်းပညာ သစ်အကြောင်း ကျယ်ကျယ်ပြန့်ပြန့် သတိပြုမိလာကြသည်။

■

mgyoe.com



mgyoe.com
mgyoe.com